ဖိသ်နာများသည် နှလုံးသားများပေါ်သို့
ထင်းချောင်းတစ်ချောင်းပြီးတစ်ချောင်းဖြင့်
ရက်လုပ်ထားသည့်ဖျာကဲ့သို့ ကျရောက်လာမည်
ဟုဇိုင်ဖဟ်(ရဿွိယလ္လာဟုအန်ဟု) က ဆင့်ပြန်ပြောပြသည်− “ကျွန်ုပ်တို့သည်
အိုမရ်(ရဿွိယလ္လာဟုအန်ဟု)၏ထံတွင် ရှိခဲ့ကြသည်။ ထိုအခါ အိုမရ်က “သင်တို့အနက်
မည်သူသည် ရစူလ်တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်) က ဖိသ်နာများ
(စမ်းသပ်မှုများ)အကြောင်း ပြောဆိုမိန့်ကြားသည်ကို ကြားခဲ့ကြသနည်း” ဟု မေးလေသည်။
ထိုအခါ လူအချို့က “ကျွန်ုပ်တို့ ကြားခဲ့ပါသည်” ဟု ဖြေကြသည်။ အိုမရ်က “သင်တို့သည်
လူတစ်ဦး၏ မိသားစုနှင့် အိမ်နီးချင်းနှင့်ဆိုင်သော ဖိသ်နာအကြောင်းကို
ဆိုလိုကြသည်ထင်သည်” ဟု မေးရာ သူတို့က “ဟုတ်ကဲ့” ဟု ဖြေကြသည်။ အိုမရ်က
“ထိုအရာများကို ဆွလာသ်၊ စွိယာမ်၊ စွဒကဟ်တို့က ပယ်ဖျက်ပေးနိုင်သည်။ သို့သော်
သင်တို့အနက် သမုဒ္ဒရာလှိုင်းများကဲ့သို့ တစ်ခုပြီးတစ်ခု လှုပ်ရှားသော
ဖိသ်နာအကြောင်း တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်) က
ပြောဆိုမိန့်ကြားသည်ကို မည်သူကြားခဲ့သနည်း” ဟု မေးလေသည်။ ဟုဇိုင်ဖ်က
ပြောပြသည်မှာ- “ထိုအခါ လူများက ဆိတ်ဆိတ်နေကြသည်။ ကျွန်ုပ်က ‘ကျွန်ုပ်ပါ’ ဟု
ပြောလေ၏။ အိုမရ်က ‘သင့်အား ဤသို့ကောင်းမွန်သူဖြစ်အောင် ပြုစုပျိုး‌ထောင်ခဲ့သူ
သင့်ဖခင်အား အလ္လာဟ်အစား‌ပေးပါစေ။ ဟုဇိုင်ဖ်က ပြောပြသည်− “ကျွန်ုပ်သည်
ရစူလ်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ဤသို့ မိန့်ကြားသည်ကို
ကြားခဲ့ပါသည်− "ဖိသ်နာများသည် နှလုံးသားများပေါ်သို့
ထင်းချောင်းတစ်ချောင်းပြီးတစ်ချောင်းဖြင့် ရက်လုပ်ထားသည့်ဖျာကဲ့သို့
ကျရောက်လာမည်။ မည်သည့်နှလုံးသားမဆို ၎င်းဖိသ်နာကို စုပ်ယူလိုက်လျှင်
ထိုနှလုံးသားတွင် အနက်ရောင် အစက်တစ်စက် ပေါ်လာမည်။ မည်သည့်နှလုံးသားမဆို
၎င်းဖိသ်နာကို ငြင်းပယ်လျှင် ထိုနှလုံးသားတွင် အဖြူရောင် အစက်တစ်စက် ပေါ်လာမည်။
နောက်ဆုံး၌ နှလုံးသားများသည် နှစ်မျိုး ဖြစ်သွားမည်− တစ်မျိုးမှာ
ကျောက်သားကဲ့သို့ ဖြူဖွေးနေသော နှလုံးသားဖြစ်၍ မိုးကောင်းကင်များနှင့် မြေပထဝီ
တည်ရှိနေသမျှ (ကိယာမသ်မဖြစ်မချင်း) မည်သည့်ဖိသ်နာကမျှ ၎င်းကို မထိခိုက်နိုင်ပေ။
နောက်တစ်မျိုးမှာ အနက်ရောင်၊ ကွဲအက်နေပြီး ဖုန်မှုန့်ကဲ့သို့ မည်းညစ်နေသော
နှလုံးသားဖြစ်၏။ ၎င်းသည် ဇလားတစ်လုံးကို မှောက်ထားသကဲ့သို့ (ကောင်းမှုကို
လက်မခံနိုင်၊ မကောင်းမှုကိုလည်း မငြင်းပယ်နိုင်)၊ မိမိစိတ်အလို၏နောက်သို့
လိုက်ပါသောအရာမှတစ်ပါး ကောင်းမှုကို မသိ၊ မကောင်းမှုကိုလည်း
မငြင်းပယ်တတ်တော့ပေ။" ဟုဇိုင်ဖ်က ဆက်လက်ပြောပြသည်− ကျွန်ုပ်သည် အိုမရ်အား
"ဤဖိသ်နာများနှင့် သင်တို့ကြားတွင် ပိတ်ထားသော တံခါးချပ်တစ်ခုရှိသည်။
ထိုတံခါးသည် ချိုးဖျက်ခြင်းခံရတော့မည်" ဟုလည်း ပြောကြားခဲ့သည်။ အိုမရ်က
"ချိုးဖျက်ခြင်းခံရမည်လော(အံ့ဩလျက်) အသင်၏ ဖခင်ပျောက်ဆုံးပါ‌စေ။
(ပြစ်တင်ကြိမ်းမောင်းလျက်)အကယ်၍ ထိုတံခါးကို ဖွင့်လိုက်လျှင်
ပြန်ပိတ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ကျွန်ုပ်က ‘မဟုတ်ပါ၊
ချိုးဖျက်ခြင်းခံရမည်သာဖြစ်သည်’ ဟု ပြောဆိုခဲ့သည်။ ကျွန်ုပ်သည် ထိုတံခါးသည်

[صحيح] [رواه مسلم]

နှလုံးသားများသည် နှစ်မျိုးနှစ်စား ဖြစ်လာလိမ့်မည်- (၁) အဖြူရောင် နှလုံးသား။ ၎င်းသည်
ခိုင်မာသော အီမာန်၏ သဘော တရားအပေါ် အလွန်မြဲမြံပြီး ချို့ယွင်းချက်မှ ကင်း စင်သည်။
စမ်းသပ် မှုများသည် ၎င်းနှင့် မငြိတွယ်နိုင်။ ၎င်းအပေါ် သက်ရောက်မှုလည်း မရှိချေ။
ချောမွတ်သော ကျောက်သားကဲ့သို့ မည်သည့်အရာမှ မကပ်နိုင်။ ထို့ကြောင့် ထိုနှလုံးသားသည်
အလ္လာဟ်အရှင်မြတ်နှင့်တွေဆုံသည့်တိုင် မည်သည့်စမ်းသပ်မှုမှ ၎င်းကို
မထိခိုက်စေနိုင်။ အခြားနှလုံးသားတစ်ခုမှာ ၎င်း၏ အရောင်သည်
ဖိသ်နာစမ်းသပ်မှုများကြောင့် မည်းမှောင်သွားပြီး၊ ထိုနှလုံးသားသည်
စောင်းနေသောရေအိုး သို့မဟုတ် မှောက်လျက်ရှိသော ရေအိုးနှင့်တူသည်။ ထိုရေအိုး၌
ရေမတည်မြဲသကဲ့သို့၊ ဤနှလုံးသား ၌လည်း ကောင်းမှု သို့မဟုတ်
ဟိက်မသ်ဉာဏ်အမြှော်အမြင်သည် မတွယ်ကပ်နိုင်။ ၎င်းသည် ကောင်းကျိုးကို မသိ၊
မကောင်းမှုကိုလည်း မတွန်းလှန်နိုင်။ မိမိနှစ်သက်သော၊ မိမိစိတ်အလို၏နောက်သို့
လိုက်ပါသောအရာမှတစ်ပါး အခြားဘာကိုမှ မသိတော့ပေ။ ဟုဇိုင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု) က
အိုမရ် (ရဿွလ္လာဟုအန်ဟု) အား ပြောကြားခဲ့သည်မှာ- 'ဧကန်စင်စစ်
ထိုဖိသ်နာစမ်းသပ်မှုများသည် သင်ရှိ‌နေသမျှကာလပတ်လုံး တစ်စုံတစ်ရာ
ထွက်ပေါ်လာမည်မဟုတ်ပေ။ သင်နှင့် ထိုဖိသ်နာများကြားတွင် ပိတ်ထားသောတံခါးတစ်ချပ်
ရှိသည်။ ထိုတံခါးသည် (ချိုးဖျက်ခြင်းခံရရန် နီးကပ်လာပြီ။' အိုမရ် (ရဿွိယလ္လာဟုအန်ဟု)က
"(အံ့ဩလျက်) ထိုတံခါးသည် ချိုးဖျက်ခြင်းခံရမည်လော။ အကယ်၍ ထိုတံခါးကို
ဖွင့်လိုက်လျှင် ပြန်ပိတ်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ထိုအခါ ဟုဇိုင်ဖဟ်
(ရဿွိယလ္လာဟုအန်ဟု) က ‘မဟုတ်ပါ၊ ချိုးဖျက်ခြင်းခံရမည်သာဖြစ်ပြီး၊ ထိုတံခါးသည်
လူတစ်ဦးဖြစ်ပြီး (အိုမရ် (ရဿွလ္လာဟုအန်ဟု) အား ရည်ရွယ်ခြင်း) အသတ်ခံရမည် သို့မဟုတ်
သေဆုံးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ကျွန်ုပ်ဖော်ပြခဲ့သော
အကြောင်းအရာသည် မှန်ကန်တိကျသော သတင်းဖြစ်သည်။ ၎င်းသည် ဂျူး၊ ခရစ်ယာန်တို့၏
ကျမ်းစာရွက်များမှလည်း မဟုတ်၊ ပညာရှင်တစ်ပါး၏ ကိုယ်ပိုင်ဆင်ခြင်ယူဆချက်မှလည်း
မဟုတ်ဘဲ၊ တမန်တော်မြတ် (ဆွလ္လာလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဟဒီးစ်တော်မှပင် ဖြစ်သည်။
https://sunnah.global/hadeeth/my/show/66382